၁။ AYA SME Financing ဆိုသည်မှာ အဘယ်နည်း။

AYA SME Financing ဆိုသည်မှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်ထုတ်စွမ်းအားများ မြှင့်တင်နိုင်ရန်အတွက် လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များကို AYA Bank မှ ဝန်ဆောင်မှုပေးခြင်းဖြစ်ပါသည်။

၂။ SME ချေးငွေအမျိုးအစားများ ကိုဖော်ပြပါ။

**(၁) ကုန်ထုတ်စွမ်းအားနှင့် အမြတ်ကို တိုးမြှင့်စေရန်အတွက် ကာလရှည်ချေးငွေ (Demand Loan)**

| | |
|---|---|
| ချေးငွေရည်ရွယ်ချက် | လုပ်ငန်း ရင်းနှီးမြှုပ်နှံရန်အတွက် စက်ပစ္စည်းများ ဝယ်ယူခြင်း၊ စက်ရုံနှင့် ဂိုထောင်များ တည်ဆောက်ခြင်း၊ Fixed Asset များဝယ်ယူခြင်း။ |
| အာမခံ | မြေ နှင့် အဆောက်အဦ၊ ကွန်ဒို။ |
| ချေးငွေသက်တမ်း | အများဆုံး (၃) နှစ်။ |
| အတိုးနှုန်း | ၁ နှစ်လျှင် (၁၀% မှ ၁၄.၅%)။ |
| ပြန်လည်ပေးဆပ်ပုံ | အရင်းပြန်လည်ပေးဆပ်ပုံ - နှစ်စဉ် အရင်းအားခွဲ၍ ပြန်လည်ပေးဆပ်ရမည်။ ဥပမာ (၃၀%, ၃၀%,၄၀%)<br>အတိုးကောက်ခံမှု - လစဉ် (သို့မဟုတ်) ၃ လ တစ်ကြိမ်။ |
| ချေးငွေပမာဏ | အများဆုံး သိန်း (၁၀,၀၀၀) အထိ။ |

**(၂) Overdraft ချေးငွေ (ပေးရန်ရှိနှင့် ရရန်ရှိကြား ကာလတို ငွေသားလိုအပ်ချက်ကို ဖြည့်တင်းရန်ဖြစ်ပါသည်)**

| | |
|---|---|
| ချေးငွေရည်ရွယ်ချက် | လုပ်ငန်းလည်ပတ်ရန် အတွက် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူခြင်း၊ ပြန်လည်ရောင်းချရန် Stock များ ဝယ်ယူခြင်း၊ Supplier များကို ကုန်ပစ္စည်းဖိုး ပေးချေခြင်း။ |
| အာမခံ | မြေ နှင့် အဆောက်အဦ၊ ကွန်ဒို။ |
| ချေးငွေသက်တမ်း | အများဆုံး (၁) နှစ်။ |
| အတိုးနှုန်း | ၁ နှစ်လျှင် (၁၀% မှ ၁၄.၅%) (Service Charges ပါဝင်ပြီး)။ |
| ပြန်လည်ပေးဆပ်ပုံ | အရင်းပြန်လည်ပေးဆပ်ပုံ - သက်တမ်းကုန်ဆုံးချိန်တွင် အကြေပြန်လည်ပေးဆပ်ရမည်။<br>အတိုးကောက်ခံမှု - လစဉ် (သို့မဟုတ်) ၃ လ တစ်ကြိမ်။ |
| ချေးငွေပမာဏ | အများဆုံး သိန်း (၁၀,၀၀၀) အထိ။ |

## (၃) JICA SME ချေးငွေ (ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက်)

| | |
|---|---|
| ချေးငွေရည်ရွယ်ချက် | - **လုပ်ငန်းရင်းနှီးမြှုပ်နှံရန်အတွက် (၈၀%)**<br>(စက်ပစ္စည်းများ ဝယ်ယူခြင်း၊ စက်ရုံနှင့် ဂိုထောင်များတည်ဆောက်ခြင်း၊ Fixed Asset များ ဝယ်ယူခြင်း)<br>- **လုပ်ငန်းလည်ပတ်ရန် အတွက် (၂၀%)**<br>(ကုန်ကြမ်းပစ္စည်းများ ဝယ်ယူခြင်း၊ ပြန်လည်ရောင်းချရန် Stock များဝယ်ယူခြင်း၊ Supplier များကို ကုန်ပစ္စည်းဖိုး ပေးချေခြင်း) |
| အာမခံ | မြေ နှင့် အဆောက်အဦ၊ ကွန်ဒို။ |
| ချေးငွေသက်တမ်း | အများဆုံး (၅) နှစ်။ |
| အတိုးနှုန်း | ၁ နှစ်လျှင် (၅.၅% မှ ၁၀%)။ |
| ပြန်လည်ပေးဆပ်ပုံ | (၁) လစဉ် တိုးရင်းပေါင်းပြန်လည် ပေးဆပ်မှုစနစ် (Amortization Method)။<br>(၂) ၃ လ တစ်ကြိမ် တိုးရင်းပေါင်းပြန်လည် ပေးဆပ်မှုစနစ် (Amortization Method)။<br>(၃) နှစ်စဉ် အရင်းခွဲ၍ ပေးဆပ်မှုစနစ် (၃၀% ၃၀% ၄၀%)။<br>အတိုးကောက်ခံမှု လစဉ် (သို့မဟုတ်) ၃ လ တစ်ကြိမ်။ |
| ချေးငွေပမာဏ | အများဆုံး သိန်း (၅,၀၀၀) အထိ။ |

## (၄) AYA SME ချေးငွေ (လစဉ်ပုံမှန်ဝင်ငွေရှိသော SME လုပ်ငန်း များ၊ Shop Owner များအတွက်)

| | |
|---|---|
| ချေးငွေရည်ရွယ်ချက် | စက်ပစ္စည်းများ ဝယ်ယူခြင်း လုပ်ငန်းလည်ပတ်ရန်အတွက် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူခြင်း၊ ပြန်လည်ရောင်းချရန် Stock များ ဝယ်ယူခြင်း၊ Operating Expense များ ပေးချေခြင်း။ |
| အာမခံ | တိုက်ခန်း၊ ကွန်ဒို၊ မြေ နှင့် အဆောက်အဦ။ |
| ချေးငွေသက်တမ်း | အများဆုံး (၃) နှစ်။ |
| အတိုးနှုန်း | ၁ နှစ်လျှင် (၁၀% မှ ၁၄.၅%)။ |
| ပြန်လည်ပေးဆပ်ပုံ | (၁) လစဉ် တိုးရင်းပေါင်းပြန်လည် ပေးဆပ်မှုစနစ် (Amortization Method)။<br>(၂) ၃ လတစ်ကြိမ် တိုးရင်းပေါင်းပြန်လည် ပေးဆပ်မှုစနစ် (Amortization Method)။ |
| ချေးငွေပမာဏ | ချေးငွေရည်ရွယ်ချက် နှင့် ပြန်လည်ပေးဆပ်နိုင်စွမ်း အပေါ်မူတည်ပါသည်။ |

**(၅) Seasonal Loan (Short Term Loan)**

| | |
|---|---|
| ချေးငွေရည်ရွယ်ချက် | လယ်ယာစိုက်ပျိုးရေး ကဏ္ဍအတွင်းရှိ SME ထုတ်ကုန် လုပ်ငန်းရှင်များ လျှောက်ထားနိုင်ပါသည်။ |
| အာမခံ | မြေ နှင့် အဆောက်အဦ၊ ကွန်ဒို။ |
| ချေးငွေသက်တမ်း | အများဆုံး (၆) လ။ |
| အတိုးနှုန်း | ၁ နှစ်လျှင် (၁၀% မှ ၁၄.၅%) (Service Charges ပါဝင်ပြီး)။ |
| ပြန်လည်ပေးဆပ်ပုံ | အရင်းပြန်လည်ပေးဆပ်ပုံ - သက်တမ်းကုန်ဆုံးချိန်တွင် အကြေပြန်လည်ပေးဆပ်ရမည်။<br>အတိုးကောက်ခံမှု - လစဉ် (သို့မဟုတ်) ၃ လ တစ်ကြိမ်။ |
| ချေးငွေပမာဏ | ချေးငွေရည်ရွယ်ချက် နှင့် ပြန်လည်ပေးဆပ်နိုင်စွမ်း အပေါ်မူတည်ပါသည်။ |

၃။ အာမခံမဲ့ ချေးငွေ (ချေးငွေအာမခံစနစ် CGI) ဖြင့် ချေးငွေလျှောက်ထားနိုင်ပါသလား။

အာမခံမဲ့ဖြင့် ချေးငွေခွင့်ပြုသည့် ပမာဏပြည့်မီ သွားပြီဖြစ်၍ လက်ရှိတွင် ထိုချေးငွေစနစ်ဖြင့် လျှောက်ထား၍ မရနိုင်သေးပါ။

## <u>ချေးငွေမလျှောက်မီ</u>

၄။ ရောဝတီဘဏ်၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဆိုသည်မှာ မည်သည့်အချက်များ ပေါ်တွင်မူတည်ပြီး သတ်မှတ်သနည်း။

ကိုယ်ပိုင်လုပ်ငန်း လုပ်သက်အနည်းဆုံး (၂) နှစ် ရှိသော အသေးစားနှင့် အလတ်စားလုပ်ငန်း လုပ်ကိုင်နေသူများ၊ အသေးစားနှင့် အလတ်စား ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (SME Development Law 2015) အရ အသေးစားနှင့် အလတ်စားလုပ်ငန်းများအား အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

**အသေးစားလုပ်ငန်း သတ်မှတ်ချက်များ**

| စဉ် | လုပ်ငန်းအမျိုးအစား | ဝန်ထမ်းဦးရေ | မတည်ရင်းနှီးငွေ ( ကျပ် ) | လွန်ခဲ့သောနှစ်၏ဝင်ငွေ ( ကျပ် ) |
|---|---|---|---|---|
| (၁) | ထုတ်လုပ်မှုလုပ်ငန်းများ | ၅၀ ဦး အထိ | သန်း ၅၀၀ အထိ | - |
| (၂) | လုပ်အားအခြေပြုလုပ်ငန်းများ | ၃၀၀ ဦး အထိ | သန်း ၅၀၀ အထိ | - |
| (၃) | လက်ကားရောင်းဝယ်ရေးလုပ်ငန်းများ | ၃၀ ဦး အထိ | - | သန်း ၁၀၀ အထိ |
| (၄) | လက်လီရောင်းဝယ်ရေးလုပ်ငန်းများ | ၃၀ ဦး အထိ | - | သန်း ၅၀ အထိ |
| (၅) | ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ | ၃၀ ဦး အထိ | - | သန်း ၁၀၀ အထိ |
| (၆) | အခြားလုပ်ငန်းများ | ၃၀ ဦး အထိ | - | သန်း ၅၀ အထိ |

**အလတ်စားလုပ်ငန်း သတ်မှတ်ချက်များ**

| စဉ် | လုပ်ငန်းအမျိုးအစား | ဝန်ထမ်းဦးရေ | မတည်ရင်းနှီးငွေ ( ကျပ် ) | လွန်ခဲ့သောနှစ်၏ဝင်ငွေ ( ကျပ် ) |
|---|---|---|---|---|
| (၁) | ထုတ်လုပ်မှုလုပ်ငန်းများ | ၅၁ ဦး မှ ၃၀၀ ဦးအထိ | သန်း ၅၀၀ မှ သန်း ၁၀၀၀ အထိ | - |
| (၂) | လုပ်အားအခြေပြုလုပ်ငန်းများ | ၃၀၁ ဦး မှ ၆၀၀ ဦးအထိ | သန်း ၅၀၀ မှ သန်း ၁၀၀၀ အထိ | - |
| (၃) | လက်ကားရောင်းဝယ်ရေးလုပ်ငန်းများ | ၃၁ ဦး မှ ၆၀ ဦးအထိ | - | သန်း ၁၀၀ မှ သန်း ၃၀၀ အထိ |
| (၄) | လက်လီရောင်းဝယ်ရေးလုပ်ငန်းများ | ၃၁ ဦး မှ ၆၀ ဦးအထိ | - | သန်း ၅၀ မှ သန်း ၁၀၀ အထိ |
| (၅) | ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ | ၅၁ ဦး မှ ၁၀၀ ဦးအထိ | - | သန်း ၁၀၀ မှ သန်း ၂၀၀ အထိ |
| (၆) | အခြားလုပ်ငန်းများ | ၃၁ ဦး မှ ၆၀ ဦးအထိ | - | သန်း ၅၀ မှ သန်း ၁၀၀ အထိ |

၅။ ရောဝတီဘဏ်မှ SME ချေးငွေအတွက် ကန့်သတ်ထားသော လုပ်ငန်းအမျိုးအစားရှိပါသလား။

ကိုယ်ပိုင်လုပ်ငန်း လုပ်သက်နှင့် လုပ်ငန်းလိုင်စင် သက်တမ်းအနည်းဆုံး (၂) နှစ် ရှိသော အသေးစားနှင့် အလတ်စား လုပ်ငန်းလုပ်ကိုင်နေသူများ၊ အသေးစားနှင့် အလတ်စားဖွံ့ဖြိုး တိုးတက်ရေး ဥပဒေ (SME Development Law 2015) အရ သတ်မှတ်ထားသော အသေးစား နှင့် အလတ်စားလုပ်ငန်း များကိုသာ ချေးငွေဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ ထို့ပြင် အောက်ပါလုပ်ငန်းများ ကိုလည်း ကန့်သတ်ထားပါသည်။

(၁) အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံသောလုပ်ငန်းများ။

(၂) အဖိုးတန်သတ္တုကျောက်မျက်ရတနာများရောင်းဝယ်ခြင်းလုပ်ငန်းများ။

(၃) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသောလုပ်ငန်းများ။

(၄) အရက်ဆိုင်များ၊ ပျော်ပွဲစားရုံများ။

(၅) လက်နက်များ၊ ခဲ၊ ယမ်း၊ မီးကျောက်များ ထုတ်လုပ်ခြင်း နှင့် ရောင်းဝယ်ခြင်းလုပ်ငန်းများ။

(၆) မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနှင့် ကိုက်ညီမှုမရှိသော၊ ချိုးဖောက်သောလုပ်ငန်းများ။

(၇) အပေါင်ဆိုင်လုပ်ငန်းများ။

၆။ AYA SME Financing အတွက် အနည်းဆုံး လျှောက်ထားနိုင်သော ချေးငွေပမာဏ နှင့် အများဆုံး လျှောက်ထားနိုင်သော ချေးငွေပမာဏကိုဖော်ပြပါ။

အနည်းဆုံး လျှောက်ထားနိုင်သော ချေးငွေပမာဏ - သိန်း (၁၀၀)

အများဆုံး လျှောက်ထားနိုင်သော ချေးငွေပမာဏ - သိန်း (၁၀,၀၀၀)

၇။ AYA SME Financing လျှောက်ထားရန် လိုအပ်သောစာရွက်စာတမ်းများကို ဖော်ပြပါ။

**<u>လုပ်ငန်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ</u>**

(၁) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း၊ (DICA) သို့ လုပ်ငန်းလိုင်စင်။

(၂) ကုမ္ပဏီအစည်းအဝေးမှတ်တမ်း (Meeting Minutes) (ကုမ္ပဏီဖြစ်ပါက)။

(၃) အရှုံးအမြတ်စာရင်း (နောက်ဆုံးဘဏ္ဍာရေး ၂ နှစ်စာ)။

(၄) အမြတ်ခွန်ပြေစာ (နောက်ဆုံးဘဏ္ဍာရေး ၂ နှစ်စာ)။

(၅) သက်ဆိုင်ရာဌာနမှ ထုတ်ပေးသည့် သက်တမ်းရှိလိုင်စင်။

(၆) လုပ်ငန်းဓာတ်ပုံများ (ရှေ့၊ နောက်၊ ဝဲ၊ ယာ၊ အတွင်းပိုင်း)။

(၇) ချေးငွေရရှိပါက လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ဇယား။

(၈) ကုန်ရောင်း၊ ကုန်ဝယ် ပြေစာများ။

(၉) ဘဏ်စာရင်းရှင်းတမ်း ၆ လစာ (ရှိပါက)။

**<u>ချေးငွေလျှောက်ထားသူတို့နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ</u> (အနည်းဆုံး ၂ဦး လျှောက်ထားရန်)**

(၁၀) လျှောက်ထားသူတို့၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူ။

(၁၁) လျှောက်ထားသူတို့၏ လိုင်စင်ဓာတ်ပုံအရွယ် ဓာတ်ပုံ (၂) ပုံ။

(၁၂) ရပ်ကွက်နေထိုင်ကြောင်း ထောက်ခံစာ မူရင်း။

**<u>အာမခံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ</u>**

(၁၃) အာမခံမြေ နှင့် အဆောက်အဦ ဓာတ်ပုံများ (ရှေ့၊ နောက်၊ ဝဲ၊ ယာ နှင့် အတွင်းပိုင်း)။

**မြေနှင့် အဆောက်အဦးဖြစ်ပါက** - ပိုင်ဆိုင်မှု အထောက်အထားပြ စာရွက်စာတမ်းများ။
(မြေငှားဂရန် စာချုပ်၊ ဘဏ်ငွေချေးရန်ဟု ဖော်ပြထားသော မြေပုံမြေရာဇဝင်၊ ဆက်စပ် အရောင်းအဝယ်စာချုပ်များ၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ)

**ကွန်ဒိုဖြစ်ပါက** - ပိုင်ဆိုင်မှု စာအုပ်။

**တိုက်ခန်းဖြစ်ပါက** - ဆက်စပ်အရောင်းအဝယ် စာချုပ်များ၊ BCC မိတ္တူ၊
မြေရှင်နှင့် ကန်ထရိုက်ချုပ်ဆိုထားသော စာချုပ်မိတ္တူ။

(၁၄) မြေခွန်၊ စည်ပင်ခွန်၊ မီတာခွန်ပြေစာများ။

*** ချေးငွေလျှောက်ထားသော ရည်ရွယ်ချက်နှင့် လုပ်ငန်းအမျိုးအစားအပေါ်မူတည်ပြီး အခြားစာရွက် စာတမ်းများ ထပ်မံလိုအပ်နိုင်ပါသည်။ ***

**<u>ချေးငွေလျှောက်ထားခြင်း</u>**

၈။ AYA SME Financing ကို မည်သို့ လျှောက်ထားနိုင်သနည်း။

ရောဝတီဘဏ် မှ အနည်းဆုံးလက်ခံခွင့်ပြုနိုင်သည့် စံသတ်မှတ်ချက်များဖြင့် ပြည့်မီရန် လိုအပ်ပြီး လျှောက်ထားလိုသည့် လုပ်ငန်းရှင်များသည် လိုအပ်သော စာရွက်စာတမ်းများဖြင့် နီးစပ်ရာ ရောဝတီဘဏ်ခွဲများတွင် လျှောက်ထားနိုင်ပါသည်။

၉။ လုပ်ငန်းသက်တမ်း (၂) နှစ်နှင့် အထက်ရှိပြီး လုပ်ငန်းလိုင်စင်မရှိပါက လျှောက်လို့ရပါသလား။

လျှောက်ထား၍မရပါ။ လုပ်သက်အနည်းဆုံး (၂) နှစ်ရှိရပါမည်။ အခွန်ဆောင်ထားရပါမည်။

၁၀။ AYA SME Financing လျှောက်ထားပြီး အဖြေသိရှိရန် အချိန်ကာလအားဖြင့် မည်မျှကြာမည်နည်း။

စာရွက်စာတမ်း အပြည့်အစုံဖြင့် လာရောက်လျှောက်ထားပြီး အနည်းဆုံး လက်ခံခွင့်ပြုနိုင်သည့် စံသတ်မှတ်ချက်များဖြင့် ပြည့်မီပါကလျှောက်ထားသည့် ချေးငွေအမျိုးအစားအပေါ်မူတည်ပြီး (၁) လခွဲခန့် ကြာမြင့်မှာဖြစ်ပါတယ်။

၁၁။ အရှုံးအမြတ်စာရင်းသည် CPA လက်မှတ် မဖြစ်မနေပါရန် လိုအပ်ပါသလား။

လုပ်ငန်းလိုင်စင်ဖြင့် လျှောက်ထားမည်ဆိုပါက မဖြစ်မနေ မလိုအပ်ပါ။ ကုမ္ပဏီမှတ်ပုံတင်ဖြင့် လျှောက်ထားမည်ဆိုပါက မဖြစ်မနေ လိုအပ်ပါသည်။

၁၂။ မြေပုံ၊ မြေရာဇဝင် (၁၀၅/၁၀၆) လျှောက်ထားနေစဉ် သက်ဆိုင်ရာဌာနမှပေးသော Slip ဖြင့် လျှောက်ထား လို့ရပါသလား။

လျှောက်ထားနိုင်ပါသည်။ ဘဏ်ရှေ့နေအစီရင်ခံစာဆောင်ရွက်ရန်အတွက်အချိန်မီပေးအပ်ရန် လိုအပ်ပါသည်။ ချေးငွေခွင့်ပြုချက်ရရှိသည့်အခါ မြေပုံ၊ မြေရာဇဝင်မူရင်း တင်ပြနိုင်မှသာ ချေးငွေထုတ်ယူခွင့် ရှိပါသည်။

၁၃။ အခွန်မဆောင်ထားလျှင် လျှောက်ထားလို့ရပါသလား။

(၁) နှစ် အနည်းဆုံး ပေးဆောင်ရပါမည်။ ကြိုတင်ခွန် (၁) နှစ်ဆောင်ခြင်းဖြင့်လည်း လျှောက်ထား နိုင်ပါသည်။

၁၄။ AYA SME Financing လျှောက်ထားမှု ခွင့်ပြုချက် ရရှိရန် မည်သည့်အချက်များ အဓိကပါဝင်နေသနည်း။

AYA SME Financing လျှောက်ထားမှု ခွင့်ပြုချက် ရရှိရန်

(၁) ချေးငွေလျှောက်ထားသည့် ရည်ရွယ်ချက် ကောင်းမွန်မှု၊
(၂) လုပ်ငန်းခိုင်မာမှုနှင့် ကောင်းမွန်သော ငွေကြေးစီးဆင်းမှု၊
(၃) စာရွက်စာတမ်း မှန်ကန်သေချာမှု၊
(၄) ချေးငွေ ပြန်လည်ပေးဆပ်နိုင်စွမ်း၊
(၅) ချေးငွေလျှောက်ထားသူ၏ Character ကောင်းမွန်မှု နှင့်
(၆) အပေါင်ပစ္စည်း အစရှိသည့် အချက်များ အပေါ်မူတည်ပါသည်။

၁၅။ AYA SME Financing လျှောက်ထားရာတွင် ထောက်ခံသူလိုအပ်ပါသလား။

AYA SME Financing လျှောက်ထားရာတွင် ထောက်ခံသူမဖြစ်မနေမလိုအပ်ပါ။ သို့သော် ချေးငွေ လျှောက်ထားသူ အနည်းဆုံး (၂) ဦး လိုအပ်ပါသည်။

၁၆။ လုပ်ငန်းအခုမှ စတင်ဆောင်ရွက်လျှင် ချေးငွေလျှောက်ထားနိုင်ပါသလား။

မရနိုင်ပါ။ လုပ်ငန်းလိုင်စင်၊ လုပ်ငန်းအတွေ့အကြုံ၊ အနည်းဆုံး (၂) နှစ်ရှိသင့်ပါသည်။ သို့မှသာ လုပ်ငန်းအခြေအနေ ကောင်းမွန်မှုရှိ၊ မရှိခန့်မှန်းနိုင်ပါမည်။

## ချေးငွေပြန်လည်ပေးဆပ်နိုင်မှု

၁၇။ AYA SME ချေးငွေကို မည်ကဲ့သို့ ပြန်လည်ပေးဆပ်နိုင်မည်နည်း။

ချေးငွေအသုံးပြုမည့် ရည်ရွယ်ချက် နှင့် လုပ်ငန်း၏ ငွေကြေးလည်ပတ်မှုအပေါ်မူတည်ပြီး ပြန်လည် ပေးဆပ်မှုကွဲပြားနိုင်ပါသည်။

(၁) ၁ လ တစ်ကြိမ် တိုးရင်းပေါင်း ပြန်လည်ပေးဆပ်မှုစနစ် (Amortization Method)။

(၂) ၃ လ တစ်ကြိမ် တိုးရင်းပေါင်း ပြန်လည်ပေးဆပ်မှုစနစ် (Amortization Method)။

(၃) အတိုးအား လစဉ် (သို့) ၃ လ တစ်ကြိမ် ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး အရင်းအား နှစ်စဉ်ခွဲ၍ ပြန်လည်ပေးဆပ်မှုစနစ် (Demand Loan)။

(၄) သက်တမ်း ကုန်ဆုံးချိန်တွင် အရင်း အကြေပြန်လည် ပေးဆပ်ရမည် ဖြစ်ပြီး လစဉ် (သို့မဟုတ်) ၃ လ တစ်ကြိမ်အတိုးပေးသွင်းရမည် (Overdraft)။

၁၈။ Grace Period ရှိပါသလား။ အရင်းပြန်လည်ဆပ်မည့်ကာလ ကင်းလွတ်ခွင့်ရနိုင်ပါသလား။

ချေးငွေအသုံးပြုမည့်ရည်ရွယ်ချက် နှင့် လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီး Grace Period ကို လျှောက်ထားနိုင်ပါသည်။ (ချေးငွေကော်မတီ၏ ဆုံးဖြတ်ချက် အပေါ်မူတည်ပါသည်)

၁၉။ လစဉ်လတိုင်း မည်သည့်နေ့ရက်တွင် အတိုး နှင့် အရင်း ပေးဆောင်ရမည်နည်း။

အတိုး နှင့် အရင်း ပေးသွင်းရမည့် နေ့ရက်အတိအကျအား ရောဝတီဘဏ်မှ Payment Schedule (ချေးငွေ ပြန်လည်ပေးဆပ်မှုဇယား) ဖြင့် အကြောင်းကြား ပေးပါမည်။

၂၀။ ချေးငွေပြန်လည်ပေးဆပ်ရာတွင် Due Date (သတ်မှတ်ထားသောရက်) ထက်စော၍ပြန်လည်ပေးဆပ်ပါက ဝန်ဆောင်ခ (Early Repayment Fee) ပေးရန်လိုအပ်ပါသလား။

ချေးငွေပြန်လည်ပေးဆပ်ရာတွင် Due Date (သတ်မှတ်ထားသောရက်) ထက်စော၍ ပြန်လည် ပေးဆပ်ပါက ယခုလက်ရှိတွင် ဝန်ဆောင်ခ (Early Repayment Fee) ပေးရန်မလိုပါ။

၂၁။ လစဉ်နောက်ဆုံးပေးဆပ်ရမည့်ရက်တွင် မပေးဆောင်ပါက နောက်ကျကြေး (သို့) ဒဏ်ကြေးပေးဆောင် ရပါလား။

အတိုးပေးသွင်းရန်ပျက်ကွက်ပါက ပျက်ကွက်သည့် အတိုးပမာဏအပေါ်တွင် တစ်နှစ်လျှင် (၂၄%) ဖြင့် ရက်အလိုက် တွက်ချက်ကောက်ခံသွားမည်ဖြစ်ပြီး အရင်းပြန်ဆပ်ရန်ပျက်ကွက်ပါက ပျက်ကွက်သည့် အရင်းပမာဏ အပေါ်တွင် တစ်နှစ်လျှင် (၂%) ဖြင့် ရက်အလိုက်တွက်ချက် ကောက်ခံသွားမည်ဖြစ်သည်။

၂၂။ အခြားဝန်ဆောင်ခများရှိပါသလား။

လျှောက်ထားသည့် ချေးငွေအမျိုးအစား နှင့် တင်ပြလာသည့် Collateral (အာမခံ) အမျိုးအစား ပေါ်မူတည်ပြီး Fees & Charges များရှိနိုင်ပါသည်။ (ဥပမာ - ရှေ့နေဆောင်ရွက်ခ၊ ရာဖြတ်ခ၊ မီးအာမခံ၊ Service Charges)

**ချေးငွေလျှောက်ထားပြီး**

၂၃။ မည်သည့်အကြောင်းကြောင့် AYA SME Financing လျှောက်ထားမှု မအောင်မြင်ရသနည်း။

ဧရာဝတီဘဏ်မှ အနည်းဆုံးလက်ခံခွင့်ပြုနိုင်သည့် စံသတ်မှတ်ချက်များပြည့်မီမှုမရှိပါက AYA SME Financing လျှောက်ထားမှု မအောင်မြင်နိုင်ပါ။

၂၄။ AYA SME Financing လျှောက်ထားမှု အဖြေကိုမည်သို့ သိရှိရမည်နည်း။

မိမိလျှောက်ထားသော ဘဏ်ခွဲတွင် (သို့မဟုတ်) Relationship Manager ကို မေးမြန်းနိုင်ပါသည်။

**အာမခံ**

၂၅။ အာမခံမြေသာရှိပြီး အဆောက်အဦး မပါလျှင်ချေးငွေလျှောက်ထားလို့ရနိုင်ပါသလား။

အာမခံအဖြစ်ထား၍ လျှောက်ထားနိုင်ပါသည်။ မြေတန်ဖိုးသာယူရသောကြောင့် ရာဖြတ်တန်ဖိုး နည်းနိုင်ပါသည်။

၂၆။ အာမခံတန်ဖိုး၏ ရာခိုင်နှုန်းမည်မျှပေါ်တွင် ချေးငွေပမာဏသတ်မှတ်ပေးမည်နည်း။

ချေးငွေအသုံးပြုမည့် ရည်ရွယ်ချက်ကောင်းမွန်မှု၊ လုပ်ငန်းခိုင်မာမှု၊ ပြန်လည်ပေးဆပ်နိုင်စွမ်း နှင့် အခြားအချက်အလက်များ ပေါ်မူတည်ပါသည်။

၂၇။ လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ကို အာမခံအဖြစ်ပေး၍ ချေးငွေလျှောက်ထားနိုင်ပါသလား။

သတ်မှတ်ထားသည့် အခြားနည်းသုံးစွဲခွင့် အတိုင်း (၆) လအတွင်းဆောင်ရွက်ထားပါက လျှောက်ထားနိုင်ပါသည်။ ချေးငွေခွင့်ပြုချက်ရရှိပါက Register Mortgage ပြုလုပ်ရပါမည်။

၂၈။ ကား၊ စက်ပစ္စည်း၊ ထုတ်ကုန်များကို အာမခံအဖြစ်ပေးပြီး ချေးငွေလျှောက်နိုင်ပါသလား။

လတ်တလောတွင်မရနိုင်သေးပါ။

၂၉။ အာမခံပိုင်ဆိုင်သူနှင့် လုပ်ငန်းအမည်ပေါက်သူတို့ အကျိုးတူ လုပ်ကိုင်နေပါက ချေးငွေရယူနိုင်ပါသလား။ မည်သည့်စာရွက်စာတမ်းများတင်ပြရမည်နည်း။

အကျိုးတူလုပ်ကိုင်နေသည်မှာ မှန်ကန်ပါကခွင့်ပြုနိုင်ပါသည်။ ဘဏ်မှပေးအပ်ရန်သတ်မှတ်ထားသည့် စာရွက်စာတမ်းများအတိုင်းပေးအပ်ရပါမည်။

၃၀။ ဂရန်အမည်ပေါက် မရရှိသေးပါက ချေးငွေအတွက် အာမခံပေးအပ်နိုင်ပါသလား။

ချေးငွေ လျှောက်ထားသူ၏ ဂရန်အမည်ပေါက် ပြန်လည်လျှောက်ထားပေးမည် ဆိုပါက ချေးငွေ လုပ်ငန်းစဉ်များအား ကြိုတင်ဆောင်ရွက်နိုင်ပြီး ဂရန်အမည်ပေါက် ရရှိမှသာ ချေးငွေထုတ်ယူခွင့် ရရှိမည် ဖြစ်ပါသည်။